
စိတ်ကူးချိုချိုအနုပညာ

# KOFI ANNAN




စစ်မက်ကမ္ဘာထဲက
ငြိမ်းချမ်းရေးဂုဏ်ယူသား

# ကိုဖီအာနန်

ဇင်မျိုး

မြန်မာဖြန့်



ZM0004
800.00 KS

mgyoe.com

mgyoe.com

စစ်မက်ကမ္ဘာထဲကငြိမ်းချမ်းရေးလူသားကိုဖီအာနန်၊ ဇင်မျိုး
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# စစ်မက်ကမ္ဘာထဲက ငြိမ်းချမ်းရေးလူသား ကိုဖီအာနန်

ဇင်မျိုး

ပထမအကြိမ်၊ ၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


အခန်း (၁)

အစောပိုင်းနှစ်များနှင့် ပညာရေး ၂

အခန်း (၂)

ကုလသမဂ္ဂအထွေထွေအတွင်းရေးချုပ်ဖြစ်ပြီ ၁၀

– ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ ၁၆

အခန်း (၃)

အထွေထွေသဘောတူညီချက်များ ၂၀

– ကမ္ဘာ့ရန်ပုံငွေထူထောင်ခြင်း ၂၂

– ကာကွယ်ရန် တာဝန်ရှိ ၂၂

– အီရတ်အရေး ၂၄

– အခြားသံတမန်ရေး စွမ်းဆောင်ချက်များ ၂၈

အခန်း (၄)

ကိုဖီအာနန်နှင့် အငြင်းပွားစရာများ ၃၂

– ရေနံနှင့် အစားအစာဖလှယ်ရေး ၃၄

– နိုဘယ်ဆုရရှိ ၃၇

– အမေရိကန်ပြည်ထောင်စုနှင့် ကုလသမဂ္ဂဆက်ဆံရေး ၃၈

– ကမ္ဘာ့ဆီးချိုရောဂါနေ့ ၄၀


mgyoe.com

mgyoe.com


– နိုင်ငံတကာ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု သတိတရနေ့ ၄၀

အခန်း (၅)

အနားယူခြင်း ၄၄

– ကုလသမဂ္ဂအလွန် ၄၆

– ဆီးရိုးယားပူးတွဲအထူးသံတမန် ၄၇

– အခြားဆောင်ရွက်မှုများ ၄၉

အခန်း (၆)


ကိုယ်ရေးကိုယ်တာ ၅၂

– စစ်ပွဲ ကမ္ဘာထဲက ငြိမ်းချမ်းရေးလူသား ၅၅


❑

mgyoe.com

mgyoe.com



mgyoe.com

# အခန်း ၁
# အစောပိုင်းနှစ်များနှင့် ပညာရေး

၁၉၃၈ ခုနှစ်၊ ဧပြီ ၈ ရက်နေ့တွင် ကိုဖီအာနန်ကိုမွေးသည်။ မွေးရာအရပ်မှာ (ယခုဂါနာ) ဂိုးလ်ကို့စ်ရှိ ကူမာဆီအရပ်က ကိုဖန်ဒရို့စ် ဖြစ်သည်။ သူ၏အမြွှာညီမ အက်ဖွာအတ်တာသည် ၁၉၉၁ တွင် ကွယ်လွန်ခဲ့သည်။ ကိုဖီအာနန်၏နာမည်အရှည်သည် ကိုဖီအတ်တာအာနန် ဖြစ်သည်။ သူ၏နာမည်အလယ်က "အတ်တာ" မှာ အကန်ဘာသာစကား အမြွှာဟုအဓိပ္ပာယ်ရသည်။ အာနန်နှင့် သူ၏ညီမတို့သည် နိုင်ငံ၏ မင်းစိုးမင်းနွယ်မိသားစုဖြစ်သော အရှက်တီနှင့် ဖန်တီမိသားစုတို့တွင် မွေးခဲ့ကြခြင်းဖြစ်သည်။ သူတို့၏အဘိုးများနှင့် ဦးလေးမှာ အကန်မင်းစိုးရာဇာမိသားစုဝင်များဖြစ်သည်။ အကန် (Akan)သည် ဂါနာနှင့် အိုင်ဗရီကို့စ်တို့တွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများ ဖြစ်သည်။

အကန်တိုင်းရင်းသားများတွင် နာမည်ပေးသည့် အစဉ်အလာမှာ

mgyoe.com

mgyoe.com




၁၉၅၀ ပြည့်နှစ်တုန်းက မာကာလီစတာကောလိပ်
ကာလက်တန်ကွင်းမှာ ကျင်းပပြုလုပ်တဲ့ ကိုက် ၆၀ တာတိုပြေးပွဲမှာ
ကျောင်းသား၁၀ ကိုဖီအာနန် (ညာအစွန်) အား တွေ့မြင်ရပုံ၊
ယင်းပြိုင်ပွဲတွင် ကိုဖီအာနန်ဟာ ၁၂ နှစ်အတွင်း တင်ခဲ့တဲ့ စံချိန်ကို ရိုက်ချိုးခဲ့။

ကလေးအားမွေးဖွားသည့် သီတင်းရက်တစ်ရက်၏အမည်ကို ပေးခြင်း ဖြစ်သည်။ ထိုသို့မဟုတ်လျှင်လည်း သူတို့ရှေ့က ကလေးအရေအတွက်ကို ကြည့်၍ နာမည်မှည့်ခြင်းဖြစ်သည်။ အကန်ဘာသာစကားတွင် "ကိုဖီ" သည် သောကြာနေ့နှင့် သက်ဆိုင်သော အမည်ဖြစ်သည်။ မိမိ၏ရှေ့နာမည်မှာ အင်္ဂလိပ်စကား ကဲ့နန် (cannon) နှင့် ရစ်သမ်တူသည်ဟု ကိုဖီအာနန်က ပြောဖူးသည်။

၁၉၅၄ မှ ၁၉၅၇ အထိ အာနန်သည် ထိပ်တန်းအမ်ဖန်ဆီပင် ကျောင်းကို တက်ရောက်ခဲ့သည်။ ထိုကျောင်းသည် ၁၈၇၀ ပြည့်နှစ် ကာလများတွင် တည်ထောင်ခဲ့သော ကျောင်းဖြစ်ပြီး ကိပ်ကို့စ်ရှိ မက်သဒစ်ဘော်ဒါကျောင်းဖြစ်ပေသည်။ "မည်သည့်နေရာတွင်မဆို

mgyoe.com

mgyoe.com

ဒုက္ခရောက်ခြင်းသည် နေရာတိုင်းက လူများနှင့် သက်ဆိုင်သည်" ဟု ကျောင်းက သင်ပေးထားကြောင်း အာနန်က ပြောဖူးသည်။ အမ်ဖန်ဆီပင်ကျောင်းကနေ အာနန်ဘွဲ့ရခဲ့သောနှစ်ဖြစ်သည့် ၁၉၅၇ ခုနှစ်တွင် ဂိုးလ်ကို့စ်သည် ဗြိတိန်ထံမှ လွတ်လပ်ရေးရခဲ့ပြီး ဂါနာဆိုသော နာမည်ကို စတင်အသုံးပြုခဲ့သည်။

၁၉၅၈ တွင် အာနန်သည် ကူမာဆီ သိပ္ပံနှင့်နည်းပညာကောလိပ်တွင် ဘောဂဗေဒကို စတင်သင်ယူသည်။ ထိုကောလိပ်သည် ယခုအခါ ကွာမီခရူးမားသိပ္ပံနှင့် နည်းပညာတက္ကသိုလ်ဂါနာဖြစ်သည်။ သူသည် ဖို့ဒ်ဖောင်ဒေးရှင်းထောက်ပံ့ကြေးရရှိသဖြင့် ၁၉၆၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု မင်နီဆိုတာပြည်နယ် စိန်ပေါလ်ရှိ မက်ကာ လက်စတာကောလိပ်တွင် ဘွဲ့မရသေးသော ပညာရေးကို ပြီးဆုံးအောင် သင်ယူခွင့်ရခဲ့သည်။ သူသည် ဘောဂဗေဒဖြင့် ဘွဲ့ရခဲ့သည်။ ထို့အပြင် အာနန်သည် ၁၉၆၁–၆၂ တွင် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့ရှိ နိုင်ငံတကာနှင့် ဖွံ့ဖြိုးမှုလေ့လာရေးဘွဲ့ရတန်းတက္ကသိုလ်တွင် နိုင်ငံတကာဆက်ဆံရေးဘွဲ့ DEA ကို ရယူခဲ့သည်။ အလုပ်အတွေ့အကြုံအနည်းငယ်ရရှိခဲ့ပြီးနောက် ဆလိုရန်ပညာသင်ထောက်ပံ့ကြေးအစီအစဉ်ဖြင့် အမ်အိုင်တီဆလိုရန်စီမံခန့်ခွဲမှုကျောင်းတွင် (၁၉၇၁–၇၂) လေ့လာခဲ့ပြီး စီမံခန့်ခွဲမှု ဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိခဲ့သည်။

အာနန်သည် အင်္ဂလိပ်၊ ပြင်သစ်၊ အကန်၊ ခရူးဘာသာစကားတချို့နှင့် အခြားအာဖရိကဘာသာစကားများကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သည်။

၁၉၆၂ ခုနှစ်တွင် ကိုဖီအာနန်သည် ကုလသမဂ္ဂ၏အေဂျင်စီတစ်ခုဖြစ်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တွင် ဘတ်ဂျက်အရာရှိအဖြစ် စတင်လုပ်ကိုင်ခဲ့သည်။ ၁၉၇၄ မှ ၁၉၇၆ အထိ သူသည် ဂါနာ

mgyoe.com

mgyoe.com


ခရီးသွားလုပ်ငန်း၏ ညွှန်ကြားရေးမှူးအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၈၀ တွင် သူသည် ဂျနီဗာအခြေစိုက်ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဝန်ထမ်းရေးရာ အကြီးအကဲဖြစ်လာသည်။ ၁၉၈၃ တွင် ကိုဖီအာနန်သည် နယူးယောက်မြို့ရှိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံး၏ အုပ်ချုပ်ရေးဌာနတွင် ညွှန်ကြားရေးမှူးဖြစ်လာသည်။ ၁၉၈၀ ပြည့်နှစ် နှောင်းပိုင်းကာလများတွင် ကိုဖီအာနန်သည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏လက်ထောက်အဖြစ် ရာထူးသုံးခု ဆက်တိုက် ခန့်အပ်ခံခဲ့ရသည်။ လူသားအရင်းအမြစ်ဌာန၊ စီမံခန့်ခွဲမှုဌာနနှင့် လုံခြုံရေးစေ့စပ်ညှိနှိုင်းမှုဌာနတို့တွင် ဆက်တိုက်ခန့်အပ်ခံရခြင်းဖြစ်သည်။ ၎င်းတာဝန်များကို ၁၉၈၇ မှ ၁၉၉၀ အထိ ထမ်းဆောင်ခဲ့ခြင်း




ကျောင်းသားဘဝအရွယ် ကိုဖီအာနန်က
အာဖရိကရိုးရာကြိုးချုပ်ဝတ်စုံအား အသင်းဖော်များသို့ ပြသစဉ်

mgyoe.com

mgyoe.com


ဖြစ်ပြီး ၁၉၉၀ မှ ၁၉၉၂ အထိ စီမံကိန်းရေးဆွဲမှု၊ ဘက်ဂျက်၊ ဘဏ္ဍာရေးနှင့် ထိန်းချုပ်ရေးတို့တွင် လုပ်ကိုင်ခဲ့သည်။ ၁၉၉၃ ခုနှစ်၊ မတ်လမှ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်ခဲ့သည်။

အထွေထွေအတွင်းရေးမှူး ဘူးထရို့ဘူးထရို့စ်ဂါလီက ၁၉၉၂ တွင် ငြိမ်းချမ်းမှုထိန်းသိမ်းရေးဌာနကို ထူထောင်လိုက်သည့်အခါ အာနန်ကို ဌာနသစ်တွင် ထိုစဉ်က ကုလသမဂ္ဂအထွေထွေညီလာခံ အတွင်းရေးမှူး မာရစ်ဂူးလ်ဒင်း၏ လက်ထောက်အဖြစ် ခန့်အပ်ခံရသည်။ အာနန်သည် ဂူးလ်ဒင်း၏နေရာတွင် ဆက်ခံသူအဖြစ် နောက်ပိုင်းတွင် ခန့်အပ်ခံရသည်။ သူသည် ဆိုမာလီယာတိုက်ပွဲတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှု အကြီးအကဲဖြင့် ခန့်အပ်ခံရသည့်အပြင် ယင်း၏အကျိုးဆက်အဖြစ် ဆိုမာလီရှိ ကုလသမဂ္ဂ စစ်ဆင်ရေးအမှတ်စဉ် ၁ (UNOSOM III) မစ်ရှင်ပျက်သွားခဲ့ချိန်တွင်လည်းကောင်း၊ ၁၉၉၄ ရဝမ်ဒါအစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတွင်လည်းကောင်း ငြိမ်းချမ်းရေး မစ်ရှင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ရသည်။

၂၀၀၃ တွင် ရဝမ်ဒါကုလသမဂ္ဂအထောက်အကူ မစ်ရှင်၏ တပ်မှူးချုပ် ကနေဒါဗိုလ်ချုပ်ဟောင်း ရိုမီရိုဒယ်လားက အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်အံ့ဆဲဆဲတွင် အာနန်၏ တုံ့ပြန်မှုသည် ဖျတ်လတ်တက်ကြွမှု မရှိဟု ပြောကြားခဲ့၏။ သူ ရေးထားသော "မိတ်ဆက်နှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ရဝမ်ဒါ၌ လူ့ဘဝပျက်သုဉ်းခြင်း" စာအုပ်တွင် ဗိုလ်ချုပ်ရိုမီရိုဒယ်လားက ကိုဖီအာနန်သည် အရေးအခင်းကျေအေးစေရန် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ ကြားဝင်ခြင်းအား နောက်ဆုတ်ခိုင်းခဲ့ပုံ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ရုပ်ဝတ္ထုပစ္စည်းများ ထောက်ပံ့မှုမှ နောက်ဆုတ်ခဲ့ပုံတို့ကို ဖော်ပြခဲ့သည်။ လက်နက်

mgyoe.com

mgyoe.com




**ပိုလန်နိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင် ဆုတံဆိပ် ကိုဖီအာနန်လက်ခံရယူစဉ်**

သိုလှောင်ရာနေရာသို့ ဝင်ခွင့်ပြုရန် တောင်းဆိုထားသော ကြေးနန်းကို ကိုဖီအာနန်ထံ အကြိမ်ကြိမ်ပို့ခဲ့သော်လည်း အာနန်က အကြောင်းပြန်ရန် ပျက်ကွက်ခဲ့ပုံ၊ အဆိုပါလက်နက်များကိုသာ ရရှိခဲ့မည်ဆိုပါက အန္တရာယ်ကြုံနေရသော "တက်ဆစ်" တို့ကို ရိုမီရိုဒယ်လားက ကယ်တင်နိုင်ဖွယ်ရှိပုံတို့ကိုလည်း ဆက်လက်ဖော်ပြထားသည်။ ခန့်မှန်းခြေလူပေါင်း ၈၀၀၀၀၀ အသတ်ခံခဲ့ရသည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကြီး ဖြစ်ပွားခဲ့ပြီးနောက် ၁၀ နှစ်အကြာ ၂၀၀၄ ခုနှစ်တွင် အာနန်က "သတိပေးခေါင်းလောင်းသံနဲ့ ပတ်သက်ပြီး ကျွန်တော့် အနေနဲ့ ပိုလုပ်ပေးခဲ့ပါတယ်။ ပိုပြီး ထောက်ပံ့ပေးခဲ့သင့်ပါတယ်" ဟု ပြောခဲ့သည်။

mgyoe.com


mgyoe.com


"ကြားဝင်စွက်ဖက်ခြင်းများ၊ စစ်နှင့်ငြိမ်းချမ်းရေးထဲက ဘဝ" ဆိုသော စာအုပ်များထဲတွင် အာနန်က ရဝမ်ဒါအကြမ်းဖက်မှုကို သတိပြုမိအောင် DRKO အနေဖြင့် မီဒီယာကို ကောင်းကောင်း အသုံးပြုခဲ့သင့်ကြောင်း၊ ကြားဝင်ရန် လိုအပ်သော တပ်ဖွဲ့ဝင်များကို စေလွှတ်ပေးရန် အစိုးရများသို့ ဖိအားပေးရန် လိုအပ်ကြောင်း ကိုယ်တိုင်ရေးသားခဲ့၏။ ဆိုမာလီယာက အဖြစ်အပျက်များ၊ ဆိုမာလီငြိမ်းချမ်းရေး မစ်ရှင်ပြိုလဲခြင်းများသည် ခိုင်မာသည့်ငြိမ်းချမ်းရေးလုပ်ငန်းများကို သဘောတူထားသည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ချီတုံချတုံဖြစ်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ကိုဖီအာနန်က ရှင်းလင်းပြောကြားခဲ့သည်။ တိုက်ပွဲဖြစ်ပွားအပြီး ရက်ပိုင်းအတွင်း ရဝမ်ဒါအတွက် ကုလသမဂ္ဂထောက်ပံ့မှု မစ်ရှင် (UNAMIR) ကို အတည်ပြုလိုက်သည့်အခါ ထွက်ပေါ်လာသော တပ်ဖွဲ့အင်အားမှာ တပ်ခွဲတစ်ခွဲစာမရှိ၊ အရင်းအမြစ်များ မလုံလောက်၊ တာဝန်ကို ထိရောက်စွာ ထမ်းဆောင်နိုင်မည့် အခြေအနေတွင် မရှိခဲ့ပေ။

အာနန်သည် ၁၉၉၄ မတ်လမှ ၁၉၉၅ အောက်တိုဘာလအထိ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ယူဂိုဆလားဗီးယားပြည်ထောင်စုဟောင်းဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခံရပြီး ၎င်းတာဝန်ကို ငါးလထမ်းဆောင်ခဲ့ပြီးနောက် ၁၉၉၆ ခုနှစ် ဧပြီလတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဆိုသည့် မူလတာဝန်ကို ပြန်လည်ထမ်းဆောင်ခဲ့သည်။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


# အခန်း ၂
# ကုလသမဂ္ဂအထွေထွေအတွင်းရေးချုပ်ဖြစ်ပြီ

၁၉၉၆ ခုနှစ် ဒီဇင်ဘာ ၁၃ တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးက အီဂျစ်၏ယခင်ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးဘူးထရို့ဘူးထရို့စ်ဂါလီ၏နေရာတွင် အာနန်ကို အစားထိုးရန် အကြံပြုခဲ့သည်။ ဘူးထရို့ဘူးထရို့စ်ဂါလီသည် အတွင်းရေးမှူးချုပ်အဖြစ် ဒုတိယသက်တမ်းထမ်းဆောင်ရန် ကြိုးပမ်းမှုကို အမေရိကန်ပြည်ထောင်စုက ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။ အထွေထွေညီလာခံ၏မဲခွဲဆုံးဖြတ်မှုအပြီး လေးရက်အကြာ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် ကိုဖီအာနန်သည် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် ၎င်း၏ ပထမဦးဆုံး သက်တမ်းကို စတင်ထမ်းဆောင်ခဲ့သည်။ အာနန်သည် ၂၀၀၁ ခုနှစ်တွင်လည်း အတွင်းရေးမှူးချုပ်အဖြစ် ဒုတိယအကြိမ်အရွေးခံခဲ့ရသည်။ ကိုဖီအာနန်သည် ဒုတိယအကြိမ်အဖြစ် ထမ်းဆောင်မည်ဆိုပါက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ရာထူးကို အာဖရိကတိုက်က တတိယသက်တမ်း ထမ်းဆောင်ခြင်းဖြစ်မည်ဖြစ်သည်။ ကိုဖီအာနန်သည် ဒုတိယသက်တမ်းကို ထမ်းဆောင်မည်ဆိုခြင်းအား အာရှနိုင်ငံများက မကန့်ကွက်ပေ။ အာရှအလှည့် ဖြစ်

mgyoe.com

mgyoe.com





ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း
ဘူးထရို့စ်ဂါလီနဲ့ ကိုဖီအာနန် (ဝဲ) တို့အား တွေ့မြင်ရပုံ (၁၉၉၆)

သော်လည်း အာရှနိုင်ငံများက မကန့်ကွက်ခြင်းမှာ ကိုဖီအာနန်သည် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် ကုလသမဂ္ဂဝန်ထမ်းများအကြားတွင် လူကြိုက် များလွန်းနေသောကြောင့်ဖြစ်သည်။

၁၉၉၇ တွင် အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်လာခဲ့ပြီးနောက် မကြာခင် အာနန်သည် စီမံအုပ်ချုပ်မှုပုံစံပြောင်းလဲရန် အစီရင်ခံစာ နှစ်ခုကို ထုတ်ပြန်လိုက်သည်။ ၁၉၉၇ ခုနှစ် မတ်လတွင် "စီမံခန့်ခွဲမှုနှင့် အသင်းအဖွဲ့ဆိုင်ရာ ဆောင်ရွက်ချက်များ" ဟူသော အစီရင်ခံစာတွင် သူ့အား အထောက်အကူပြုရန် ဝန်ကြီးအဖွဲ့ပုံစံမှ တစ်ဆင့် စီမံခန့်ခွဲမှု ယန္တရားများကို စတင်ကျင့်သုံးမည်ဟု ဖော်ပြထားပြီး ပင်မမစ်ရှင်ကြီးလေးခုနှင့်အညီ ကုလသမဂ္ဂ၏ဆောင်ရွက်ချက်များကို အုပ်စုဖွဲ့မည်ဟုဆိုသည်။ ၁၉၉၇ ခုနှစ် ဇူလိုင် ၁၄ ရက်နေ့တွင် ကုလသမဂ္ဂကို

mgyoe.com

mgyoe.com


ပြန်လည်စတင်ခြင်း၊ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ဟု ခေါင်းစဉ်တပ်ထားသော အစီရင်ခံစာအပြည့်အစုံကို ထုတ်ပြန်ခဲ့သည်။ အရေးပါသော အဆိုပြုချက်များထဲတွင် ညီညွတ်မှုအားကောင်းရန် မဟာဗျူဟာမြောက်စီမံခန့်ခွဲမှုစနစ်ကို ,စတင်ကျင့်သုံးခြင်း၊ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်၏ ရာထူးခိုင်မာမှုရှိရေး၊ အလုပ်အကိုင် တစ်ဆယ်ရာခိုင်နှုန်း လျှော့ချရေး၊ အုပ်ချုပ်ရေးစရိတ်လျှော့ချရေး၊ နိုင်ငံအဆင့်ဖြင့် ကုလသမဂ္ဂကို ခိုင်မာအောင်ပေါင်းစည်းရေး၊ အရပ်ဘက်လူ့အဖွဲ့အစည်းထံ ရောက်ရှိရေး၊ ပါတနာများအဖြစ် ပုဂ္ဂလိကကဏ္ဍကို ဆက်ဆံရေးတို့ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် ထောင်စုနှစ်ထိပ်သီးအစည်းအဝေးကျင်းပရန်လည်း အာနန်က အဆိုပြုခဲ့သည်။ နှစ်ပေါင်းများစွာ သုတေသနပြုလုပ်ခဲ့ပြီးနောက် အာနန်သည် "ပိုမိုကြီးမားသောလွတ်လပ်မှု" ဟူသည့် တိုးတက်မှု အစီရင်ခံစာကို ၂၀၀၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ ကုလသမဂ္ဂအထွေထွေညီလာခံတွင် တင်ပြခဲ့သည်။ လုံခြုံရေးကောင်စီ ချဲ့ထွင်ရန်နှင့် အခြားကုလသမဂ္ဂပြုပြင်ပြောင်းလဲမှုများကို အကြံပြုခဲ့သည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်နေ့တွင် ကိုဖီအာနန်သည် ကုလသမဂ္ဂအစည်းအရုံးယူကေသို့ မူဝါဒဆိုင်ရာ မိန့်ခွန်းပြောကြားရာတွင် အလုံးစုံပါဝင်၍ ကျယ်ပြန့်သော ကုလသမဂ္ဂပြုပြင်ပြောင်းလဲမှုများနှင့် သက်ဆိုင်သည့် သူ၏အမြင်ကို ချပြခဲ့သည်။ ဝက်စ်မင်စတာရှိ စင်ထရယ်ခန်းမတွင် ပြောကြားခဲ့သော ထိုမိန့်ခွန်းမှာ ပထမဦးဆုံးအကြိမ် အထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီအစည်းအဝေးတို့၏ နှစ် ၆၀ ပြည့်နှစ် နှစ်ပတ်လည်နေ့တွင် ပြောကြားသောမိန့်ခွန်းဖြစ်သည်။

၂၀၀၆ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် သူသည် ကုလသမဂ္ဂ

mgyoe.com

mgyoe.com


အတွင်းရေးမှူးရုံးကို အခြေခံကျကျ ပြင်ဆင်ပြောင်းလဲရန် သူ၏ အဆိုပြုချက်များ တင်သွင်းခဲ့သည်။ တင်သွင်းခဲ့သော အစီရင်ခံစာမှာ "ကုလသမဂ္ဂတွင် စုံစမ်းစစ်ဆေးခြင်း၊ ကမ္ဘာတစ်ဝန်း ပိုမိုခိုင်မာသော အဖွဲ့အစည်းအတွက်" ဖြစ်သည်။

၂၀၀၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် သူသည် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံး၏ လုပ်ငန်း ပရိုဂရမ်တစ်ခုလုံးကို အဆင့်မြှင့်တင်ခြင်းအတွက် သူ၏လေ့လာဆန်းစစ်ချက်နှင့် အကြံပြုချက်များကို ဖတ်ကြားခဲ့သည်။ ၎င်းအစီရင်ခံစာ၏ ခေါင်းစဉ်မှာ "လုပ်ပိုင်ခွင့်အပ်နှင်းခြင်းနှင့် လုပ်ပိုင်ခွင့်ပေးအပ်ခြင်း၊ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းဆိုင်ရာ သုံးသပ်ချက်များကို အထောက်အကူပြုစေမည့် လေ့လာဆန်းစစ်ချက်နှင့် အကြံပြုချက်များ" ဟူ၍ ဖြစ်သည်။




၂၀၀၁၊ ဇွန်လ ၂၅ ရက်နေ့က ကျင်းပပြုလုပ်တဲ့ HIV/AIDS ဆိုင်ရာ အထိမ်းအမှတ်ပွဲအား ကိုဖီအာနန် (ဘယ်မှ ဒုတိယ) တက်ရောက်စဉ်

mgyoe.com

mgyoe.com


ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီနှင့်ပတ်သက်၍ ကိုဖီအာနန်က "ယုံကြည်မှု ကျဆင်းတာဟာ ကုလသမဂ္ဂစနစ်၏ကျော်ကြားမှုကို စွန်းထင်းစေပါတယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ လူ့အခွင့်အရေးယန္တရားကို ပြန်လည်ဖန်တီးခြင်းမရှိရင်တော့ ကျွန်တော်တို့ဟာ ကုလသမဂ္ဂထဲမှာတောင် အများယုံကြည်မှုပြန်ရအောင် လုပ်နိုင်ဖွယ်မမြင်ပါဘူး" ဟု ပြောကြားခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် အားနည်းချက်များရှိနေသော်လည်း ကိုဖီအာနန်ကမူ လူ့အခွင့်အရေးကောင်စီသည် ကောင်းကောင်းမွန်မွန် လုပ်နိုင်ကိုင်နိုင်သည်ဟု ဆိုသည်။

၂၀၀၀ ပြည့်နှစ် မတ်လတွင် အာနန်သည် ထိုစဉ်က ကျင့်သုံးနေသော စနစ်၏ အားနည်းချက်များကို သုံးသပ်ရန် ကုလသမဂ္ဂငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအဖွဲ့ကို တာဝန်ပေးခဲ့ပြီး အပြောင်းအလဲအတွက် တိကျမှုရှိသော၊ လက်တွေ့ကျသော အကြံပြုချက်များ ပေးစေခဲ့သည်။ အဆိုပါအဖွဲ့ကို ပဋိပက္ခတားဆီးရေး၊ ငြိမ်းချမ်းမှုထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေးနယ်ပယ်တို့တွင် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဥက္ကဋ္ဌလက္ခဒါဘရာဟီမီ၏ အမည်ကိုယူ၍ ဘရာဟီမီအစီရင်ခံစာဟု ထင်ရှားသည့် ၎င်းအစီရင်ခံစာက အောက်ပါတို့ကို တောင်းဆိုခဲ့၏။

၁။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြန်လည်စတင်မည့် နိုင်ငံရေးတွင် ပါဝင်ရေး၊

၂။ ထူးခြားသိသာသော အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှု၊

၃။ ငွေကြေးထောက်ပံ့မှု တိုးလာရေး၊

ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အရင်းအနှီးစိမ်ပေးရမည်ဖြစ်ပြီး၊ ပံ့ပိုး

mgyoe.com

mgyoe.com




အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်အား
၂၀၀၇ ခုနှစ်အတွင်း ကိုဖီအာနန် လက်ခံတွေ့ဆုံစဉ်

မှုပေးရမည် ဖြစ်သည်။ ၎င်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြတ်သားသော၊ ယုံကြည်ရသော၊ အောင်မြင်မှု ရနိုင်သော လုပ်ပိုင်ခွင့်များဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်ဟု ဆိုသည်။ အထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီကို တင်သွင်းသော အစီရင်ခံစာတွင် အာနန်က "အဖွဲ့၏ အကြံပြုချက်များဟာ ငြိမ်းချမ်းရေးအတွက် အင်အားတစ်ရပ်အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးကို မှန်မှန်ကန်ကန်ယုံကြည်မှု ရှိလာအောင် လုပ်ဖို့ အရေးကြီးပါတယ်"ဟု ဖော်ပြထားသည်။ ထိုနှစ်နှောင်းပိုင်းတွင် လုံခြုံရေးကောင်စီသည် ဖော်ပြပါ အစီရင်ခံစာထွက်ပေါ်လာပြီးနောက် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးနှင့်ဆိုင်သော ကိစ္စရပ်များကိုဆောင်ရွက်နိုင်ခဲ့သည်။

mgyoe.com

mgyoe.com


## ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ

ထောင်စုနှစ်ထိပ်သီးအစည်းအဝေး မတိုင်ခင် ၂၀၀၀ ပြည့်နှစ်တွင် ကိုဖီအာနန်က "ကျွန်ုပ်တို့ ပြည်သူများ၊ ၂၁ ရာစုထဲက ကုလသမဂ္ဂ၏အခန်းကဏ္ဍ" ဟူသော ခေါင်းစဉ်ဖြင့် အစီရင်ခံစာထုတ်ပြန်ခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်းတွင် ကြုံတွေ့ခဲ့ရသော ထူးခြား ပထဝီဝင်နိုင်ငံရေးဆင့်ကဲပြောင်းလဲမှုများနှင့် မြင့်တက်လာသော ဂလိုဘယ်လိုက်ဖ်ဇေးရှင်းသည် ကုလသမဂ္ဂ၏လုပ်ကိုင်ဆောင်ရွက်ပုံကို ပြန်လည်သုံးသပ်ရန်၊ ပြောင်းလဲရန်လိုအပ်ပုံကို ပြသနေသည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် "ကျွန်ုပ်တို့ ဆောင်ရွက်သော ကိစ္စရပ်မှန်သမျှတွင် ပြည်သူကိုဗဟိုပြုရမည် ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ မြို့ရွာများတွင် နေထိုင်ကြသည့် လုပ်နိုင်ကိုင်နိုင်သော အမျိုးသားများ၊ မိန်းမသားများ၊ ကလေးများသည် ၎င်းတို့၏ဘဝများ ပိုမိုကောင်းစားရေးဆိုသည်ထက် ဘဝပေး တာဝန်လောက် မြင့်မြတ်သော အရာမရှိ၊ တာဝန်ပိုယူခြင်းလောက် ကြီးကျယ်တာ မရှိ" ဟု ဖော်ပြထားသည်။

အစီရင်ခံစာ၏နောက်ဆုံးအပိုင်းတွင် အာနန်က ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD) တို့၏ အစောပိုင်းဆောင်ရွက်ချက်များအပေါ် တွေ့ရှိချက်များအား ကောက်ချက်ဆွဲပြထားပြီး ကုလသမဂ္ဂအနေဖြင့် ဦးစားပေးဆောင်ရွက်မည့် နယ်ပယ်များကို ဖော်ပြထားရာတွင် "လက်ရှိတွင် လူပေါင်းသန်းတစ်ထောင်ကျော်မှာ မျှော်လင့်ချက်ကင်းမဲ့၍ လူသားမဆန်သော ဆင်းရဲမွဲတေမှုဘဝတွင် ပိတ်လှောင်ခံနေရသည့် ကျွန်ုပ်တို့၏ဘဝတူ အမျိုးသား၊ အမျိုးသမီးများကို ယင်းတို့မှ လွတ်မြောက်စေရမည်ဟုဆိုထားသည်။ ၎င်းတို့သည်

mgyoe.com

mgyoe.com


နောက်ဆက်တွဲ ပေါ်ပေါက်လာသည့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ ဖြစ်လာခဲ့ပြီး၊ ထောင်စုနှစ်ဖိုရမ်က တစ်ဆင့်ထပ်တိုးအားဖြည့်ပေခြင်း၊ နိုင်ငံပေါင်း ၁၀၀ ကျော်မှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ စသည်ဖြင့် အဖွဲ့ပေါင်း ၁၀၀၀ ကျော် ပါဝင်သော ဆယ်စုအဖြစ် ဖွံ့ဖြိုးလာခဲ့သည်။"


ထောင်စုနှစ်ထိပ်သီးအစည်းအဝေးအပြီးတွင် ထောင်စုနှစ်ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာစာတမ်းတွင် နောက်ပိုင်း၌ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များဖြစ်လာမည့် အချိန်ကန့်သတ်အကောင်အထည်ဖော်ရသော ဦးတည်ချက်များ ထွက်ပေါ်လာကာ၊ အလွန်အမင်းဆင်းရဲမွဲတေမှုကို တစ်ကမ္ဘာလုံး ပူးပေါင်းလျှော့ချမည်ဟု ဖော်ပြထားသည်။

■

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



mgyoe.com